# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညွှန်ကြားချက်အမှတ် ၁၀/၂၀၁၉

## ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

## (၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ဘဏ်၏ ပြင်ပစာရင်းစစ်များနှင့်စပ်လျဉ်းသည့် ပုဒ်မ ၈၈၊ ၈၉၊ ၉၀ နှင့် ယင်းဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အမည်**

၁။ ဤညွှန်ကြားချက်ကို ဘဏ်၏ ပြင်ပစာရင်းစစ်များဆိုင်ရာညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

**ညွှန်ကြားချက်အား လိုက်နာရမည့်သူများ**

၂။ ဤညွှန်ကြားချက်သည် ဘဏ်များနှင့် ယင်းတို့၏ ပြင်ပစာရင်းစစ်များနှင့် သက်ဆိုင်စေရမည်။

**ရည်ရွယ်ချက်**

၃။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘဏ်၏ ပြင်ပစာရင်းစစ်များတွင် အရည်အချင်းပြည့်မီမှုနှင့် လွတ်လပ်စွာဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ လက်ခံနိုင်သော စံသတ်မှတ်ချက်များရှိကြောင်း သေချာစေရန်၊

(ခ) ဘဏ်၏ ပြင်ပစာရင်းစစ်များအနေဖြင့် ယင်းတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၊

(ဂ) ဘဏ်၏စာရင်းများကို စစ်ဆေးရာတွင် နိုင်ငံတကာအကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်စေရေး တွန်းအားပေးရန်၊

(ဃ) အရည်အချင်းပြည့်မီသော စာရင်းစစ်များက စာရင်းစစ်အစီရင်ခံစာများကို ပြုစုထားကြောင်း သေချာစေခြင်းဖြင့် ငွေရေးကြေးရေးစနစ်အပေါ် ယုံကြည်မှုတိုးမြင့်စေရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်၊

(င) ငွေရေးကြေးရေးအစီရင်ခံတင်ပြခြင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တိကျမှန်ကန်မှုကို မြှင့်တင်ခြင်းဖြင့် ဈေးကွက်စည်းကမ်းကျနမှုကို တိုးမြှင့်ရန်၊

(စ) ဘဏ်အား ထိရောက်သော ပြင်ပစာရင်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်စေခြင်းဖြင့် ငွေအပ်နှံသူများ၏ အပ်နှံငွေများလုံခြုံမှုကို ကူညီပံ့ပိုးရန်။

**ပြင်ပစာရင်းစစ်များခန့်အပ်ခြင်း**

၄။ ဘဏ်၏ နှစ်ပတ်လည်(နှစ်ချုပ်) ဘဏ္ဍာရေးရှင်းတမ်းများအား စစ်ဆေးရန် ဘဏ်သည် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် သင့်လျော်သည့် ပြင်ပစာရင်းစစ်တစ်ဦးကို ခန့်အပ်ရမည်။

၅။ သင့်လျော်မှန်ကန်ခြင်းရှိသူကိုသာလျှင် ဘဏ်၏ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ရမည်။

**ပြင်ပစာရင်းစစ်၏ အရည်အချင်းနှင့် ပြင်ပစာရင်းစစ်အားအတည်ပြုခြင်း**

၆။ ဘဏ်သည် ပြင်ပစာရင်းစစ်တစ်ဦးအား ခန့်အပ်ပြီး (၁၀) ရက်အတွင်း အဆိုပါခန့်အပ်မှုကို အတည်ပြုပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ စာဖြင့်ရေးသားလျှောက်ထားရမည်။

၇။ ဘဏ်သည် ခန့်အပ်မည့် ပြင်ပစာရင်းစစ်၏ အမည်၊ လုပ်ငန်းတည်နေရာလိပ်စာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုချက်ထုတ်ပေးရန်စိစစ်ရာတွင် လိုအပ်သည့် အခြားသတင်းအချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတည်ပြုချက် ထုတ်ပေးရန်အတွက် ပြင်ပစာရင်းစစ်၏ အရည်အချင်းကို အကဲဖြတ်ရာတွင် အောက်ဖော်ပြပါ စံသတ်မှတ်ချက်များကို အသုံးပြုမည်ဖြစ်သည်-

(က) စာရင်းစစ်နှင့် ၎င်းတာဝန်ထမ်းဆောင်လျက်ရှိသည့် စာရင်းစစ်အဖွဲ့၏ လုပ်ငန်းအတွေ့အကြုံ၊

(ခ) ဝန်ထမ်းအရေအတွက်၊ စာရင်းစစ်လုပ်ငန်းဆိုင်ရာ အရည်အချင်းနှင့် အတွေ့အကြုံများ ပါဝင်သည့် စာရင်းစစ်အဖွဲ့၏ ဝန်ထမ်းအင်အား တောင့်တင်းခိုင်မာမှု၊

(ဂ) စာရင်းစစ်အဖွဲ့ စတင်တည်ထောင်သည့်နေ့နှင့် ဘဏ်များအား စာရင်းစစ်ဆေးသည့် ၎င်း၏လုပ်ငန်းအတွေ့အကြုံအပေါ် အခြေပြုသည့် စာရင်းစစ်အဖွဲ့၏ နောက်ခံအကြောင်းအရာနှင့် အတွေ့အကြုံ၊

(ဃ) စာရင်းစစ်အဖွဲ့က အသုံးပြုသည့် စာရင်းစစ်လုပ်ထုံးလုပ်နည်းနှင့် နည်းလမ်းများ၊

(င) စာရင်းစစ်အဖွဲ့အား စနစ်တကျ မှတ်ပုံတင်ထားခြင်းနှင့် မိတ်ဖက်စာရင်းစစ် အဖွဲ့ဝင်သို့မဟုတ် စာရင်းစစ်အဖြစ် မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြု ထုတ်ပေးထားသော သက်တမ်းရှိလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်များပါဝင်သည့် စာရင်းစစ်အဖွဲ့နှင့် စာရင်းစစ်တို့၏ တရားဝင်တည်ရှိမှု။

၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်ခန့်အပ်ရန်အတွက် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ခန့်အပ်မှုကို အတည်ပြုခြင်း သို့မဟုတ်

(ခ) စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ ခန့်အပ်မှုကို အတည်ပြုခြင်း သို့မဟုတ်

(ဂ) အကြောင်းပြချက်ဖြင့် ခန့်အပ်မှုကို ငြင်းပယ်ခြင်း။

၁၀။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်ပစာရင်းစစ်အား အတည်မပြုသည့်ကိစ္စရပ်တွင် ဘဏ်သည် အခြားစာရင်းစစ်ကို အမည်စာရင်းတင်သွင်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက်ရယူရမည်။

**ဘဏ်က ပြင်ပစာရင်းစစ်ခန့်အပ်ရန် ပျက်ကွက်သည့်ကိစ္စ**

၁၁။ ဘဏ်သည် ၎င်း၏ ယခင်ပြင်ပစာရင်းစစ်သက်တမ်းကုန်ဆုံးပြီးနောက် နှစ်လအတွင်း ပြင်ပစာရင်းစစ်ခန့်အပ်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အတည်ပြုချက်မရရှိပါက သို့မဟုတ် ဘဏ်မှ လစ်လပ်သော ပြင်ပစာရင်းစစ်နေရာကို ဖြည့်ဆည်းရန်ပျက်ကွက်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အရည်အချင်းပြည့်မီသည့် ပြင်ပစာရင်းစစ်တစ်ဦးကို ခန့်ထားနိုင်၍ အဆိုပါ ပြင်ပစာရင်းစစ်အတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ဘဏ်မှကျခံရမည်။

၁၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်ပစာရင်းစစ်အဖြစ်ခန့်အပ်သည့် ပုဂ္ဂိုလ်သည် ယင်းခန့်အပ်မှုမတိုင်မီ နောက်ဆုံးကျင်းပပြုလုပ်ခဲ့သည့် ဘဏ်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ခန့်အပ်သည့် ပြင်ပစာရင်းစစ်ဖြစ်သည်ဟုမှတ်ယူရမည့်အပြင် ဘဏ်ကခန့်အပ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုသည့် ပြင်ပစာရင်းစစ်ဖြစ်သည်ဟုလည်း မှတ်ယူရမည်။

**ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းဆိုင်ရာ စည်းကမ်းများ**

၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခြားနည်းအားဖြင့် ခွင့်ပြုချက်မရှိလျှင် ဘဏ်သည် ပြင်ပစာရင်းစစ်အဖွဲ့အား ငါးနှစ်လျှင်တစ်ကြိမ် အစားထိုးခန့်အပ်ရမည်ဖြစ်ပြီး ပြင်ပစာရင်းစစ်တစ်ဦးတည်းအား တစ်ဆက်တည်း သုံးကြိမ် (သုံးနှစ်) ထက်ကျော်လွန်၍ ခန့်ထားခြင်းမပြုရ။

၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အောက်ပါအချက်တစ်ရပ်ရပ်အရ ပြင်ပစာရင်းစစ် ခန့်အပ်မှုအတည်ပြုချက်ကို ရုပ်သိမ်းနိုင်သည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ သတ်မှတ်ချက်များကို လိုက်နာရန်နှင့် အဆိုပါဥပဒေတွင်ပြဋ္ဌာန်းထားသည့် တာဝန်များကို ထမ်းဆောင်ရန်ပျက်ကွက်ခြင်း၊

(ခ) ဤညွှန်ကြားချက်နှင့်အညီ ယင်း၏တာဝန်များကို ဆောင်ရွက်နိုင်မှုမရှိခြင်း။

၁၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်ခန့်အပ်မှု အတည်ပြုချက်ကို ရုပ်သိမ်းသည့်အခါ သို့မဟုတ် စာရင်းစစ်သည် ဆက်နွယ်သူ သို့မဟုတ် ဘဏ်၏ဝန်ထမ်းဖြစ်လာသည့်အခါ အဆိုပါ စာရင်းစစ်ကို ဘဏ်၏ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်းမှ ချက်ချင်း ရပ်စဲရမည်။

၁၆။ ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသည့် ကြိုတင်အတည်ပြုချက်မရှိဘဲ ယင်း၏ပြင်ပစာရင်းစစ်အား ပြောင်းလဲခြင်းမပြုရ။

၁၇။ ဘဏ်၏ပြင်ပစာရင်းစစ်သည် ၎င်း၏ လုပ်ငန်းမှ နုတ်ထွက်ရန် ဆုံးဖြတ်ချက်ကို ရက်ပေါင်း (၃၀) ကြိုတင်၍ ဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ စာဖြင့်အကြောင်းကြားခြင်းမရှိဘဲ ပြင်ပစာရင်းစစ်အဖြစ်မှ နုတ်ထွက်ခြင်းမပြုရ။

**ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ရန် အရည်အချင်းမပြည့်မီခြင်း**

၁၈။ ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းပါက ဘဏ်၏ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်းမပြုရ-

(က) အဆိုပါပုဂ္ဂိုလ်သည် ဘဏ်၏ဆက်နွယ်သူ သို့မဟုတ် ဝန်ထမ်းဖြစ်ခြင်း၊

(ခ) အဆိုပါပုဂ္ဂိုလ်သည် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၌ မှတ်ပုံတင်ထားသည့်အဖွဲ့ဝင် မဟုတ်ခြင်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်မရှိခြင်း၊

(ဂ) အဆိုပါပုဂ္ဂိုလ်သည် ဘဏ် သို့မဟုတ် ယင်း၏မိတ်ဖက်အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အဓိကအကျိုးစီးပွားရှိခြင်း၊

(ဃ) အဆိုပါပုဂ္ဂိုလ်သည် ဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် တာဝန်များကိုဆောင်ရွက်ရာတွင် ၎င်း၏ လွတ်လပ်စွာဆောင်ရွက်နိုင်မှု သို့မဟုတ် သမာသမတ်ကျမှုကို ထိခိုက်စေနိုင်သည့် အခြေအနေများရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယူဆခြင်း၊

(င) အဆိုပါပုဂ္ဂိုလ်သည် ဘဏ်၏ အရာရှိတစ်ဦးဖြစ်ခြင်း၊

(စ) အဆိုပါပုဂ္ဂိုလ်သည် မိတ်ဖက်အဖွဲ့ဝင် သို့မဟုတ် ဘဏ်၏ ဒါရိုက်တာနှင့် ဆက်စပ်သူ သို့မဟုတ် ဘဏ်၏ အဓိကအစုရှယ်ယာရှင်ဖြစ်ခြင်း၊

(ဆ) အဆိုပါပုဂ္ဂိုလ်သည် ၎င်းကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏မိတ်ဖက်အဖွဲ့ဝင်များ သို့မဟုတ် ၎င်း၏ဝန်ထမ်းများကသော်လည်းကောင်း ဘဏ်၏စာရင်းကိုင် သို့မဟုတ် ကော်ပိုရိတ်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေခြင်း၊

(ဇ) ဘဏ်တွင် ပြင်ပစာရင်းစစ် သို့မဟုတ် အခွန်ဆိုင်ရာ ကျွမ်းကျင်သူအဖြစ်မှအပ အခြားတစ်နည်းနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော စာရင်းစစ်အဖွဲ့ဝင် သို့မဟုတ် မိတ်ဖက်အဖွဲ့ဝင်များနှင့်သက်ဆိုင်သော စာရင်းစစ်အဖွဲ့ဖြစ်ခြင်း။

**ပြင်ပစာရင်းစစ်၏ တာဝန်ဝတ္တရားများနှင့်အခွင့်အရေးများ**

၁၉။ ဘဏ်၏ ပြင်ပစာရင်းစစ်တစ်ဦး၏ အဓိကတာဝန်သည် ဘဏ်၏ဘဏ္ဍာရေးရှင်းတမ်းများအား စာရင်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံတွင် ချမှတ်ထားသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာ စာရင်းကိုင်စံသတ်မှတ်ချက်များနှင့်အညီ နှစ်ပတ်လည်(နှစ်ချုပ်)ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ အလုံးစုံပါဝင်သော ဝင်ငွေရှင်းတမ်း၊ ရှယ်ယာတန်ဖိုးပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် ဘဏ်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရန်လိုအပ်သည့် အခြားဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန်ဖြစ်သည်။

၂၀။ စာရင်းစစ်ထင်မြင်ယူဆချက်တွင် အောက်ပါအချက်များပါဝင်ရမည်-

(က) ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံမှု၊ မှန်ကန်မှု နှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားမှု ရှိ မရှိ၊

(ခ) ဘဏ္ဍာရေးရှင်းတမ်းများသည် ဘဏ်၏အရေးကိစ္စရပ်များကို မှန်ကန်စွာနှင့် တိကျစွာ ဖော်ပြထားသည့်ရှင်းတမ်းများ ဟုတ် မဟုတ်၊

(ဂ) ဘဏ်၏ အရာရှိများ သို့မဟုတ် ကိုယ်စားလှယ်များထံမှ ရရှိသည့် သတင်းအချက်အလက်များသည် ကျေနပ်ဖွယ်ရာ ရှိ မရှိ။

၂၁။ ဤညွှန်ကြားချက်အရ ပြုစုတင်ပြရမည့် စာရင်းစစ်ဆေးပြီး နှစ်ပတ်လည်(နှစ်ချုပ်) ဘဏ္ဍာရေးရှင်းတမ်းများတွင် ပါဝင်ရမည့်ပုံစံနှင့် အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်သည့် လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲပြုစုရန်ဖြစ်သည်။

၂၂။ ပြင်ပစာရင်းစစ်သည်-

(က) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဘဏ်၏ဒါရိုက်တာအဖွဲ့ကို သတိပေးရမည်-

(၁) ဘဏ်သည် ယင်း၏ မတည်ငွေရင်းလိုအပ်ချက်များပြည့်မီရန် စွမ်းဆောင်နိုင်မှုမရှိခြင်း၊

(၂) ဘဏ်သည် အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက် နှင့် ငွေကြေးလွယ်ကူမှုအချိုးများကို ပြည့်မီရန် နှင့် အခြားစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရန် စွမ်းဆောင်နိုင်မှုမရှိခြင်း၊

(၃) ဘဏ်၏ ကြွေးမြီ၊ နိုင်ငံခြားငွေ၊ လုပ်ငန်းဆောင်ရွက်မှု နှင့် အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသော ဆုံးရှုံးနိုင်ခြေအန္တရာယ်များရှိခြင်း၊

(၄) ပြင်ပစာရင်းစစ်အဖြစ် ယင်း၏တာဝန်များကို ထမ်းဆောင်ရာတွင် ဘဏ်သည် လုပ်ငန်းများကို ကောင်းမွန်သောလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ကြောင်း၊ ငွေအပ်နှံသူများ၏

အကျိုးစီးပွားကို ထိခိုက်စေနိုင်ကြောင်း သို့မဟုတ် ဘဏ်၏အားကောင်းခိုင်မာသော ငွေရေးကြေးရေးစီမံခန့်ခွဲမှု မူများ သို့မဟုတ် လုံလောက်သော ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်များ ထိန်းသိမ်းထားနိုင်မှုကို ချိုးဖောက်နိုင်ကြောင်း သတိပြုမိသည့် အခြားကိစ္စရပ်တစ်ခုခုရှိခြင်း။

(ခ) စာရင်းစစ်ထင်မြင်ယူဆချက် ပေးနိုင်ရန်အလို့ငှာ လိုအပ်သည့်ကိစ္စရပ်များအတွက် လုံလောက်သော၊ သက်ဆိုင်သော၊ ယုံကြည်စိတ်ချရသော သက်သေအထောက်အထားများကို ၎င်းကိုယ်တိုင် ကျေနပ်သည်အထိ ရယူရမည်၊

(ဂ) လက်အောက်ခံဝန်ထမ်းများ၏ လုပ်ငန်းများအပါအဝင် ၎င်း၏လုပ်ငန်းအားလုံးကို သေချာစွာအစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများ ပြုရမည်၊

(ဃ) ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများအပေါ် အခြေခံသည့် စာရင်းစစ်ဆေးမှုမပြုမီ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုများကို သေချာစွာ လေ့လာစိစစ်ခြင်း၊ သုံးသပ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများပြုရမည်၊

(င) လက်ရှိအသက်မွေးဝမ်းကျောင်းဆိုင်ရာစံများ၊ အလေ့အထများနှင့်အညီ လျော်ကန်သောဂရုပြုမှု၊ ကျွမ်းကျင်မှုများကို ကျင့်သုံးခြင်းနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် အခြားစည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ရမည်၊

(စ) ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်သွင်းခြင်းမပြုမီ ယင်းအစီရင်ခံစာအပေါ် စာဖြင့်ရေးသား၍ အကဲဖြတ်ခြင်းနှင့် သုံးသပ်ခြင်းကိုပြုရမည်။

၂၃။ ပြင်ပစာရင်းစစ်သည် အောက်ပါအချက်များကိုတွေ့ရှိလျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ချက်ချင်း အစီရင်ခံတင်ပြရမည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ပြဋ္ဌာန်းချက်များကို ကြီးလေးသော ချိုးဖောက်မှု သို့မဟုတ် မလိုက်နာမှုတစ်ရပ်ရပ်၊ သို့မဟုတ် လိမ်လည်မှု သို့မဟုတ် မရိုးဖြောင့်မှု ပါဝင်သော ရာဇဝတ်မှုနှင့်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊

(ခ) ဘဏ်၏ မတည်ရင်းနှီးငွေ ၅၀ ရာခိုင်နှုန်းသို့ လျော့ကျသည်အထိ အရှုံးပေါ်ပေါက်ခြင်း၊

(ဂ) မြီရှင်များ၏ရရန်ပိုင်ခွင့်လုံခြုံမှုကို ထိခိုက်စေသည့် နည်းလမ်းမကျမှုများအပါအဝင် ကြီးမားသည့် နည်းလမ်းမကျမှုများ ပေါ်ပေါက်ခြင်း၊

(ဃ) ရရန်ပိုင်ခွင့်များသည် မြီရှင်များ၏တောင်းခံမှုအား ကာမိသေးကြောင်း စာရင်းစစ်မှ အတည်ပြုနိုင်စွမ်းမရှိခြင်း။

၂၄။ ဘဏ်၏ပြင်ပစာရင်းစစ်သည် ယင်း၏တာဝန်များကိုဆောင်ရွက်ရာတွင် လိုအပ်သည်ဟု ထင်မြင်ယူဆပါက ဘဏ်မှပိုင်ဆိုင်သည့် စာရင်းစာအုပ်များ၊ စာရင်းများ၊ ပြေစာများ၊ စာရွက်စာတမ်းများနှင့် မှတ်တမ်းအချက်အလက်များအားလုံးကို အချိန်မရွေးရယူကြည့်ရှုနိုင်ခွင့်ရှိပြီး ယင်း၏တာဝန်နှင့်လုပ်ငန်းများကို ထမ်းဆောင်ခြင်းနှင့် လျော်ကန်သော ဆောင်ရွက်မှုများအတွက် လိုအပ်သည်ဟုယူဆပါက အဆိုပါသတင်းအချက်အလက် နှင့် ရှင်းလင်းချက်များကို ဘဏ်၏အရာရှိများနှင့် ဒါရိုက်တာများထံမှ တောင်းခံခွင့်ရှိသည်။

**အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

၂၅။ ပြင်ပစာရင်းစစ်သည် စာရင်းစစ်ဆေးပြီးနောက် စာရင်းစစ်အစီရင်ခံစာကို ယင်းဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း(၉၀)ထက် နောက်မကျစေဘဲ စီမံခန့်ခွဲသူများသို့ပေးသည့်စာ၊ စာရင်းစစ်ဆေးခြင်းနှင့်ဆက်စပ်သည့် အခြားအစီရင်ခံစာများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တင်ပြရန်သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ ဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

၂၆။ ပြင်ပစာရင်းစစ်သည် အရေးပေါ်ပေးရန်တာဝန်များအပါအဝင် လက်ကျန်ရှင်းတမ်းနှင့် လက်ကျန်ရှင်းတမ်းပြင်ပရှိ ငွေရေးကြေးရေးဆိုင်ရာ နှင့် အခြားဆက်စပ်သော ဆောင်ရွက်ချက်များအားလုံးကို ထုတ်ဖော်ကြေညာထားကြောင်း အာမခံသည့်စာကို ဘဏ်၏စီမံခန့်ခွဲသူများထံမှ ရယူရမည်ဖြစ်ပြီး ယင်းစာ၏မိတ္တူတစ်စောင်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ စာရင်းစစ်အစီရင်ခံစာနှင့်အတူ တင်ပြရမည်။

၂၇။ ပြင်ပစာရင်းစစ်သည် စာရင်းစစ်ထင်မြင်ယူဆချက်ကို ထုတ်ပြန်ရာတွင် သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားသော စာရင်းများဖြစ်ကြောင်းဖော်ပြသည့် စာရင်းစစ်ထင်မြင်ယူဆချက်မှအပ အခြားသော စာရင်းစစ်ထင်မြင်ယူဆချက်များအတွက် ခြွင်းချက်ပြု၍ပေးရန် သို့မဟုတ် ထင်မြင်ယူဆချက် ပေးခြင်းမပြုရန် သို့မဟုတ် အခြားထင်မြင်ယူဆချက် ပေးရန်ဖြစ်သည့်ကိစ္စရပ်များကို ခွဲခြားသတ်မှတ်၍ ကိစ္စရပ်အရေအတွက်ကိုလည်း ဖော်ပြရမည်။

၂၈။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (စ) နှင့်အညီ ဆက်နွယ်နေသူများသို့ ထုတ်ချေးငွေအားလုံးကို ယင်းဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြရမည့်အပြင် ၎င်းချေးငွေများ အပြည့်အဝပေးဆပ်ပြီးသည့် အချိန်အထိ ဆက်လက်ကျရောက်မည့် ဘဏ္ဍာရေးနှစ်တစ်နှစ်စီအတွက် ရေးဆွဲသည့် ဘဏ္ဍာရေးရှင်းတမ်းများတွင်လည်း ဖော်ပြရမည်။

၂၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စာရင်းစစ်ဆေးခြင်းအရည်အသွေးကို ကျေနပ်ဖွယ်ရာ မရှိကြောင်း သို့မဟုတ် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးရှင်းတမ်းများသည် ဘဏ်၏အရေးကိစ္စရပ်များကို တိကျစွာနှင့် မှန်ကန်စွာ ထင်ဟပ်ပေါ်လွင်ခြင်းမရှိကြောင်း သို့မဟုတ် စာရင်းစစ်၏ အစီရင်ခံစာ သို့မဟုတ် စီမံခန့်ခွဲသူများသို့ပေးသည့်စာသည် ကျေနပ်ဖွယ်ရာ မရှိကြောင်းတွေ့ရှိလျှင် ဘဏ်၏ပြင်ပစာရင်းစစ် သို့မဟုတ် အသစ်ခန့်အပ်သည့် ပြင်ပစာရင်းစစ်အား စာရင်းစစ်အစီရင်ခံစာ အသစ်ကို ဘဏ်၏စရိတ်ဖြင့်တင်ပြစေရန် ဘဏ်သို့ညွှန်ကြားနိုင်သည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်နှင့် ပြင်ပစာရင်းစစ်အကြား အစည်းအဝေးများ**

၃၀။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ တာဝန်များနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးရန် ဘဏ်နှင့်ဘဏ်၏ ပြင်ပစာရင်းစစ်တို့နှင့်အစည်းအဝေး ကို ဘဏ္ဍာရေးနှစ် တစ်နှစ်တွင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေး တွင် ဘဏ်၏လုပ်ငန်းနှင့်ပတ်သက်သည့်အမြင်များ၊ ဘဏ်၏ စာရင်းထားသိုမှု နှင့် ဘဏ်တွင်း ထိန်းချုပ်မှုစနစ်များ၊ ဘဏ်၏နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် စီမံခန့်ခွဲသူများသို့ပေးသည့်စာတို့ အပါအဝင် ဘဏ်အား နှစ်စဉ်စာရင်းစစ်ဆေးခြင်းမှ ပေါ်ပေါက်လာသောကိစ္စရပ်များကို ဆွေးနွေး ရမည်။

၃၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်သည်ဟုထင်မြင်ယူဆပါက ဘဏ်၏စာရင်းစစ်နှင့် အခါအားလျော်စွာတွေ့ဆုံရန် စီစဉ်နိုင်သည်။

**အထူးစာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ**

၃၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်သည်ဟု ယူဆပါက ပြင်ပစာရင်းစစ်အား အောက်ပါ တို့ကို ဆောင်ရွက်စေနိုင်သည်-

(က) ဘဏ်၏စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ထပ်ဆောင်းသတင်းအချက်အလက် များကို တင်ပြရန်၊

(ခ) အခြားအထူးစစ်ဆေးခြင်း သို့မဟုတ် ထပ်မံစစ်ဆေးခြင်းတစ်ရပ်ရပ်ကို ဆောင်ရွက် ရန်နှင့် ယင်းတို့နှင့်သက်ဆိုင်သည့် အစီရင်ခံစာ တစ်စောင်ကို တင်ပြရန်။

၃၃။ ပြင်ပစာရင်းစစ်သည် အပိုဒ် ၃၂ အရ စာရင်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ဘဏ်သည် အဆိုပါထပ်တိုးတာဝန်များအတွက် ပြင်ပစာရင်းစစ်ကို အခကြေးငွေ ပေးရမည်။

**ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်းနှင့်ပြသခြင်း**

၃၄။ ဘဏ်သည် ပြင်ပစာရင်းစစ်မှ စာရင်းစစ်ဆေးပြီးသည့် အလုံးစုံပါဝင်သော ဝင်ငွေရှင်းတမ်း နှင့် ဘဏ္ဍာရေးအခြေအနေဖော်ပြချက်တို့ကို စာရင်းစစ်ထင်မြင်ယူဆချက်နှင့်အတူ ဘဏ္ဍာရေးနှစ်

ကုန်ဆုံးပြီးနောက် လေးလအတွင်း ယင်း၏ဝက်ဘ်ဆိုက်နှင့် မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုသည့် သတင်းစာ အနည်းဆုံးတစ်စောင်တွင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၃၅။ ဘဏ်သည် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောနေ့ရှိ ဘဏ္ဍာရေးရှင်းတမ်းများ နှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာမိတ္တူကို ယင်း၏ဘဏ်လုပ်ငန်းဆောင်ရွက်သည့် ရုံးများနှင့် ဘဏ်ခွဲတစ်ခုချင်းစီရှိ ခန်းမများ၏ မြင်သာသောနေရာတွင် တစ်နှစ်ပတ်လုံး ပြသထားရမည်။

**ပြစ်မှု၊ ပြစ်ဒဏ်နှင့် ကုစားခြင်းဆိုင်ရာ နည်းလမ်းများ**

၃၆။ ပြင်ပစာရင်းစစ်တစ်ဦးသည် ဤညွှန်ကြားချက်ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ၎င်းအားခန့်အပ်ထားသည့် သက်တမ်းကျန်ရှိသော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါပြင်ပစာရင်းစစ်အား တာဝန်မှရပ်စဲရန် ဘဏ်အား ညွှန်ကြားနိုင်သည်။

၃၇။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ပြစ်မှုတစ်ရပ်ကျူးလွန်ခြင်းဖြစ်သည်။

၃၈။ ဘဏ်၏ အောက်ပါဆောင်ရွက်ချက်များသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခြင်းဖြစ်ပြီး အပိုဒ် ၃၉ ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်-

(က) စီမံခန့်ခွဲသူများသို့ပေးသည့်စာနှင့် စာရင်းစစ်ဆေးပြီးသည့် နှစ်ပတ်လည်(နှစ်ချုပ်) ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ သတ်မှတ်ကာလအတွင်း တင်ပြရန် ပျက်ကွက်ခြင်း၊

(ခ) စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးရှင်းတမ်းများကို သတ်မှတ်ကာလအတွင်း အများပြည်သူသို့ ထုတ်ပြန်ကြေညာရန် ပျက်ကွက်ခြင်း၊

(ဂ) ပြင်ပစာရင်းစစ်ကို ၎င်း၏တာဝန်များဆောင်ရွက်ရာတွင် တားဆီးပိတ်ပင်ခြင်း၊

(ဃ) ပြင်ပစာရင်းစစ်က တောင်းခံသည့် စာရင်းစာအုပ်များ၊ စာရင်းများ၊ ကွန်ပျူတာစနစ်များ၊ ပြေစာများ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ပေးရန် ပျက်ကွက်ခြင်း၊ ငြင်းဆိုခြင်း သို့မဟုတ် လျစ်လျူရှုခြင်း။

၃၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ဘဏ်အား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် သို့မဟုတ် ပြစ်ဒဏ်အားလုံးကို ချမှတ်နိုင်သည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ချေးငွေအထောက်အပံ့အသစ်များ ရယူနိုင်မှုကို ရပ်ဆိုင်းခြင်း၊

(ခ) ငွေချေးငှားခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရပ်ဆိုင်းခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(ဂ) ငွေလွှဲစာတမ်းဖွင့်လှစ်ပေးခြင်း သို့မဟုတ် အာမခံချက်များထုတ်ပေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရပ်ဆိုင်းခြင်း၊

(ဃ) အပ်နှံငွေအသစ်များ လက်ခံခြင်းအား ရပ်ဆိုင်းခြင်း၊

(င) မှားယွင်းစွာ ဆောင်ရွက်သည့် ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းကို အလုပ်မှ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ထုတ်ပယ်စေခြင်း။

**အကျိုးသက်ရောက်ခြင်း**

၄၀။ ဤညွှန်ကြားချက်သည် ဘဏ်များ၏ လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ)xxxxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)